ရခိုင်ပြည်နယ်၊မြောက်ဦးမြို့နယ်
နကန်ကျေးရွာအုပ်စု၊နကန်ကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
## (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ နကန်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြောက်ဦးမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၁၈


# မာတိကာ

မာတိကာ


ပုံအညွှန်း
၁။ တည်နေရာနှင့် ပထဝီအနေအထား
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ
၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ
၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ
(က) သီးနှံစိုက်ပျိုးရေး
(ခ) မွေးမြူရေး
(ဂ) ရေလုပ်ငန်း
(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ
(င) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း
(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ
၅။ ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
၆။ ပညာရေး
(က) ပညာရေး ဝန်ဆောင်မှု ရရှိနိုင်မှု အခြေအနေ
၇။ ကျန်းမာရေး
(က) ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ ဝန်ဆောင်မှု ရရှိမှု အခြေအနေ
(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး
၈။ ကျား-မ ရေးရာ
၉။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ
အပိုင်း(ခ)
စီမံချက်အဆိုပြုလွှာများ
နောက်ဆက်တွဲများ
နောက်ဆက်တွဲ (၁) - ကျေးရွာကော်မတီဝင်စာရင်း
နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
နောက်ဆက်တွဲ(၃) - ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

(မှတ်ချက်။ အောက်ဖော်ပြပါ ရေးသားမှုမှာ ပြည့်စုံသည်ဟု မမှတ်ယူရန် မေတ္တာရပ်ခံပါသည်။ နမူနာမျှသာ ရေးပြထားခြင်းဖြစ်ပါသည်။ လူမှုစီးပွားအခြေပြဇယားများ (၂၅ ဇယား သို့မဟုတ် ၄၈ ဇယား) ကို သုံးသပ်၍ ရေးမှ ပိုမိုပြည့်စုံစွာ သုံးသပ်ရေးသားနိုင်ပါမည်။ ဖွံ့ဖြိုးရေးဗျူဟာဇယားကို သုံးသပ်၍ ရေးရန်လည်း လိုအပ်ပါသေးသည်။)

## နကန်ကျေးရွာ အခြေပြမြေပုံ



## နကန်ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝရင်းမြစ်များ

### ၁။တည်နေရာနှင့် ပထဝီဝင် အနေအထား

နကန်ကျေးရွာသည် မြောက်ဦးမြို့နယ်၏ အရှေ့တောင်ဘက်တွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာတည်ရှိပုံမှာ စတုဂံပုံစံဖြစ်ပြီး ဂ.၁၅ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ မြောက်ဘက်တွင် မင်္ဂလာစည်ကျေးရွာ၊ အရှေ့ဘက်တွင် ပုဇွန်ဖေကျေးရွာနှင့် အနောက်ဘက်တွင် ဘာညိုကျေးရွာတို့ တည်ရှိပါသည်။ မြို့ပေါ်သို့သွားလာရန် ရေကြောင်းခရီးတစ်ခုတည်းကိုသာ အားထားကြရပြီး မိုးရာသီတွင် သွားလာရအလွန်ခက်ခဲပါသည်။

### ၂။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မြောက်ဦးမြို့နယ်သည် ယေဘုယျအားဖြင့် မိုးများသောဒေသဖြစ်ပြီး အနောက်တောင်မုတ်သုန်လေဝင်ရောက်သည့် မေလမှအောက်တိုဘာ လများတွင် ပူအိုက်စွတ်စိုကာ အနောက်မြောက် မုတ်သုန်လေဝင်ရောက်သည့် ဒီဇင်ဘာလမှမတ်လထိ အေးမြခြောက်သွေ့သော ရာသီဥတုရှိပါသည်။ တစ်နှစ်ပျမ်းမျှမိုး ရေချိန်မှာ (၁၅၇.၀၃) လက်မခန့်ရရှိပြီး မိုးစပါးစိုက်ပျိုးရေးကို အထောက်အကူပြုပါသည်။ မေလနှင့်အောက်တိုဘာလများတွင် ဘင်္ဂလားပင်လယ်အော်မှ အပူပိုင်းမုန်တိုင်းကျရောက်တတ်သဖြင့် ပင်လယ်ကမ်းခြေဒေသများသာမက မြစ်ချောင်းပေါများပြီး မြေနိမ့်ပိုင်းဒေသနေထိုင်သူများမှာ မုန်တိုင်းအန္တရာယ်ဆိုကျိုးများကို မကြာခဏခံရတတ်ပါသည်။

ပင်လယ်ရေမျက်နှာပြင်အထက်ပျမ်းမျှ ( ၁၈.၃၂၇ )ပေ အထက်တွင် တည်ရှိပြီး ပူအိုက်စိုစွတ်သောရာ သီဥတုဖြစ်ပါသည်။ သို့သော်လည်း တချို့နေရာများတွင် ရေအရင်းအမြစ်မှာ ရေငန်များဖြစ်သဖြင့် တိရစ္ဆာန်များအတွက်သာ အသုံးပြုနိုင်ကြပါသည်။ မိုးများသည့် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ပြီး ခြောက်သွေ့ရာသီတွင် သောက်သုံးရေခက်ခဲမှု ကြုံတွေ့တတ်ရပါသည်။

## ၃။ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်ကြပါသည်။ ကျေးရွာတွင်း စည်းလုံးညီညွတ်မှု၊ရပ်မိရပ်ဖ များ၏ ဩဇာသက်ရောက်မှုများကြောင့် အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင် ထိရောက်မှု အသင့်တင့်ရရှိထားသည်။ သို့သော် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်သက်သော အသိအမြင်ဗဟုသုတများအပိုင်းတွင် ဥပမာအားဖြင့် အဖွဲ့အစည်းများဆိုင်ရာ သဘောတရားများတွင် လိုအပ်ချက်များရှိနေသေးသည်။ ခေါင်းဆောင်မှုသဘောတရားများ၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ငွေစာရင်း သင်တန်းများရရှိနိုင်ပါက ကျေးရွာအတွက် အထောက်အပံ့ ဖြစ်စေနိုင်ပါမည်။

## ၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

က။သီးနှံစိုက်ပျိုးရေး

လယ်သမားအများစုသည် အဓိကအားဖြင့် မိုးစပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးကြသည်။မြို့နယ်တွင် စိုက်ပျိုးရေးသွင်းအားစုများ၊နည်းပညာဝန်ဆောင်မှု များကို အသင့်အတင့်ရရှိနိုင်သည်။ စိုက်ပျိုးစရိတ် ချေးငွေများကိုလည်း သတ်မှတ်ချက်နှင့်အညီသည့် လယ်သမားများ ချေးယူရရှိနိုင်ပြီး ထုတ်ကုန်များကို ရောင်းချရန်ဈေးကွက်လည်းရှိပါသည်။ အဟန်အတားများမှာ ရေသွင်းစိုက်ပျိုးရန် ဆည်မြောင်းရေမရရှိနိုင်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့ရနိုင်ခြင်း နည်းပါးခြင်း၊ အလုပ်သမား စရိတ်ကြီးမြင့်ခြင်း၊ ဖျက်ပိုးကျရောက်တတ်ခြင်း၊ စိုက်ပျိုးရေးနည်းပညာ ဝန်ဆောင်မှု အလုံအလောက်မရရှိနိုင်ခြင်း၊ငွေကြေးအရင်းအနှီး အလွယ်တကူ မရနိုင်ခြင်းနှင့် လယ်ယာသုံးစက်ကရိယာများ တွင်ကျယ်စွာ အသုံးမပြုနိုင်ခြင်း တို့ဖြစ်ပါသည်။

စိုက်ပျိုးရေးသမားအနေဖြင့် စိုက်ပျိုးရေးနည်းပညာနှင့် နည်းပညာဝန်ဆောင်မှု လိုအပ်ချက်များရှိကြသည်။ အဆင့်မြင့်လယ်ယာဖော်ထုတ်ခြင်း၊ စံပြစိုက်ကွက်များ၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲခြင်းနှင့် စိုက်ပျိုးရေးနည်းပညာ သင်တန်း ပံ့ပိုးခြင်းများ လိုအပ်လျက်ရှိပါသည်။စပါးတစ်ဧကအထွက်နှုန်းပျမ်းမျှ တင်း(၇၀)ခန့်ရှိပြီး အကျိုးအမြတ်ရရှိမှုနည်းပါး ကြောင်းတွေ့ရှိရသည်။

## ခ။မွေးမြူရေး

အဓိကမွေးမြူသည့် မွေးမြူရေး တိရစ္ဆာန်များမှာ ကျွဲ၊ ဝက်၊ ဆိတ်၊ ကြက်၊ ဘဲ တို့ဖြစ်ကြပါသည်။ လက်ရှိမွေးမြူထားသည့် အခြေအနေကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

### မြောက်ဦးမြို့နယ်တွင် တိရစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ

| စဉ် | နယ်မြေ | ကျွဲ | နွား | ဝက် | ဆိတ် | ကြက် | ဘဲ |
|---|---|---|---|---|---|---|---|
| ၁။ | မြောက်ဦး | ၁၉၈ | ၂၁၄ | ၁၂၁ | ၉၃ | ၁၃၅၈ | ၆၇ |

မြောက်ဦးမြို့နယ်သည် မြစ်ချောင်းပေါများသောဒေသဖြစ်သည်အလျောက် ကျွဲ၊ နွား၊ ကြက်၊ ဝက် စသည်တို့မွေးမြူရန် သင့်တော်သည်။ ဒေသတွင် မွေးမြူရေး ဖြစ်ထွန်းရန် အခွင့်အလမ်းရှိသော်လည်း နို့စားနွားနှင့်ဆိတ်မွေးမြူထားရှိမှုမှာ သိသာစွာ လျော့နည်းနေသည်။ ကျေးလက်တွင် တစ်နိုင်တစ်ပိုင် ကြက်မွေးမြူမှုသည် အိမ်ထောင်စုအားလုံး၏ (၅၅%)ခန့်နှင့် ဝက်မွေးမြူမှုမှာ အိမ်ထောင်စုအားလုံး၏ (၂၅%)ခန့် မွေးမြူကြသည်။ အလားတူ ခိုင်းကျွဲမွေးမြူမှုမှာလည်း အိမ်ထောင်စုအား လုံး၏ ၁၀ % ဝန်းကျင်ရှိသဖြင့် စီးပွားဖြစ်ခိုင်းကျွဲနှင့် အသားစားကျွဲမွေးမြူရန် အခွင့် အလမ်းတစ်ရပ်အဖြစ်အသုံးချကာ နည်းပညာနှင့် ဝန်ဆောင်မှုများ တိုးမြှင့်ပံ့ပိုးဆောင် ရွက်ပေးသင့်သည်။

## ဂ။ငါးလုပ်ငန်း

မြောက်ဦးမြို့နယ်သည် မြစ်ချောင်းများပေါများသည့်အတွက် တနိုင်တပိုင် ငါးဖမ်းခြင်းနှင့် အသက်မွေးဝမ်းကျောင်းပြုကြရသည်။ ထို့ပြင် ကျေးရွာတွင် မွေးမြူရေးကန်များတူးဖော်၍ တနိုင်တပိုင်ငါးမွေးမြူရေး လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

## ဃ။စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

လုပ်သားအင်အားမရရှိနိုင်ခြင်း၊ ဈေးကွက်သို့ အသင့်အတင့်လက်လှမ်းမမီခြင်း၊ သစ်တောနှင့် ရေလုပ်ငန်းများမှ ကုန်ကြမ်းများ အလွယ်တကူမရရှိနိုင်ခြင်း

နည်းပညာပိုင်းဆိုင်ရာအထိအတွေ့ အားနည်းခြင်း၊ အရင်းအနှီးအားနည်း ခြင်း၊ ချေးငွေရယူနိုင်သည့် အခွင့်အလမ်းအားနည်းခြင်း၊ ကျေးလက်နှင့်မြို့သို့ ဆက်သွယ်သည့်လမ်းများ မကောင်းသေးခြင်း၊ လုပ်ငန်းခွင်သုံးအတန်းပညာ အဆင့်အတန်း နိမ့်ကျနေသေးခြင်းနှင့် လျှပ်စစ်မီး အလွယ်တကူ မရနိုင်သေးခြင်းတို့ကြောင့် တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများ၊ စိုက်မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှု အားနည်းနေဆဲဖြစ်သည်။

**င။ခရီးသွားလုပ်ငန်း**

မြောက်ဦးမြို့နယ်သည် ရခိုင်ပြည်နယ်တွင် ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်မှု အများဆုံးနေရာတစ်ခုဖြစ်၍ ဟိုတယ်ခရီးသွားလုပ်ငန်းများတွင် ဒေသခံလူငယ်များ အလုပ်အကိုင်ရရှိနိုင်ပြီး ခရီးသွားလုပ်ငန်း တွင်ကျယ်လာရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

**စ။ဘဏ်နှင့် ဘဏ္ဍာရေး ဆိုင်ရာ လုပ်ငန်းများ**

ကျေးလက်နေပြည်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးခြင်းနှင့် သမဝါယမဦးစီးဌာနမှ သမဝါယမအသင်းအဖွဲ့များသို့ ချေးငွေထုတ်ချေးခြင်းတို့သည် အဓိကချေးငွေရရှိရာလမ်းကြောင်းများဖြစ်သည်။

ကျေးရွာအချို့တွင် မြစိမ်းရောင်စီမံကိန်းဖြင့်လည်း တစ်ရွာလျှင် သိန်း(၃၀၀)နှုန်းဖြင့် ရင်းနှီးမတည်ငွေ ထည့်ပေးထားပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီက စီမံခန့်ခွဲလည် ပတ်လျက်ရှိပါသည်။ အဆိုပါ ချေးငွေများကို ကျေးရွာသားများက သက်သာသောအ တိုးနှုန်းထားဖြင့် ချေးငွေကာလသတ်မှတ်ကာ ထုတ်ချေးနိုင်ကြသည်။

ယခုအချိန်တွင် မြောက်ဦးမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း (၄၄)ရွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရရှိလာသောအတိုးရငွေ၏ ၅၀% ကို ကျေးရွာ၏လိုအပ်ချက်နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာမှကိုယ်တိုင်အ ကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ တနိုင်တပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများလုပ်ကိုင်ရန်နှင့် အတိုးနည်းချေးငွေများကိုရရှိနိုင်ရန် မြစိမ်းရောင်ကျေး ရွာစီမံကိန်းနှင့် အတိုးနည်းချေးငွေစီမံကိန်းများ လိုအပ်လျက်ရှိပါသည်။

ပုဂ္ဂလိကငွေတိုးချေးစားသူများနှင့် အပေါင်ဆိုင်များမှလည်း ကာလတိုချေးငွေများကို တစ်လလျှင် အတိုးနှုန်း၁၀% မှ ၂၀ % ဖြင့်ချေးယူနိုင်ကြသည်။

တချို့ကျေးရွာများတွင် တစ်လလျှင် အတိုးနှုန်း ၂၀ % အထက်ဖြင့် ချေးယူကြရခြင်းများလည်းရှိသည်။ကျေးလက်ဒေသတွင် ချေးငွေလိုအပ်မှု အနေအထားမှာ ယေဘုယျအားဖြင့် အတော်အသင့်မြင့်မားသည့် အနေအထားတွင်ရှိနေဆဲဖြစ်ပြီး ဘဏ်များအနေဖြင့်လည်း ကျေးရွာအရောက် ဝန်ဆောင်ပေးမှုများ မရှိသလောက် အားနည်းနေဆဲဖြစ်သလို ကျေးလက်နေရွာသားအများစုမှာ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိရာ လမ်းကြောင်းများမှာ အလှမ်းဝေးနေဆဲဖြစ်သည်။

## ၅။ ပညာရေး

### က။ပညာရေးဝန်ဆောင်မှုရရှိနိုင်မှုအခြေအနေ

မြို့နယ်ရှိကျေးရွာအများစုတွင် အစိုးရမူလတန်းကျောင်းများဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။ ကျောင်းနေအရွယ် ကလေးငယ်အများစုမှာ ကျောင်းပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမှီကြသည်။ သို့သော် အခက်အခဲများမှာ ကျောင်းသားမိဘများဆင်းရဲနွမ်းပါးသဖြင့် ကလေးငယ်များ၏ပညာရေးတွင် စိတ်ဝင်စားမှုအားနည်းပြီး ရင်းနှီးမြှုပ်နှံမှုအားနည်းခြင်း၊ ကျောင်းအာဟာရတိုက်ကျွေးမှုအစီအစဉ်နည်းပါးခြင်း ကျေးရွာစာသင်ကျောင်းများတွင် ခန့်ထားသောဆရာ/ဆရာမများအတွက် နေထိုင်စရာအိမ်၊ အဆောင်များမရှိခြင်း၊ တောင်ပေါ်ရှိကျေးရွာအချို့မှာ ဆက်သွယ်ရေးခက်ခဲခြင်း၊ တချို့ကျေးရွာများတွင် စာသင်ကျောင်းဆောင်နှင့် ပံ့ပိုးပစ္စည်းများမကောင်းခြင်း၊ ကျောင်းများတွင် ဆရာနှင့်ဆရာမဦးရေအချိုး ကွာဟမှုမြင့်မားသဖြင့် ကလေးငယ်များ၏ ဘက်စုံဖွံ့ဖြိုးရေး(ဥပမာ-ကာယဆိုင်ရာများ)အတွက် တစ်စုံတစ်ခုသောအတိုင်းအတာထိ သက်ရောက်စေနိုင်ခြင်းတို့ဖြစ်သည်။

ပညာရေးနှင့်ပတ်သက်၍ ပညာထူးချွန်ပြီး ဆင်းရဲနွမ်းပါးသော ကျောင်းသားများကို ပညာသင်ဆုချီးမြှင့်ခြင်း၊ ကျောင်းဆောင်ကောင်းများတည်ဆောက်ပေးခြင်းနှင့် ပံ့ပိုးပစ္စည်းများ ဖြည့်တင်းခြင်း၊ ကျောင်းဆရာ/မများနေထိုင်မည့် အဆောင်များဆောက်လုပ်ပေးခြင်း၊ မိဘဆရာအသင်းကို သက်ဝင်လှုပ်ရှားအောင်ဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းလုပ်သားများနှင့် အခြားကျောင်းမထားနိုင်သော ကလေးငယ်များအတွက် ကျောင်းပြင်ပပညာရေးစနစ် ချမှတ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးသင့်သည်။

အတန်းပညာပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်အရေအတွက်မှာ ၆ % ရှိသဖြင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသားအရင်းအမြစ်တစ်ရပ်ပင်ဖြစ်ပါသည်။ အင်္ဂလိပ်စကား ပြော၊ အပ်ချုပ်၊ လက်သမား၊ ပန်းရံ၊ စက်ပြင်၊ ဝရိန်ဆော်စသောလုပ်ငန်းများ မြို့ပေါ်

တွင်ရှိသော်လည်း သက်ဆိုင်ရာလုပ်ငန်းများအတွက် စနစ်တကျ သင်တန်းပို့ချပေးသည့် အခြေအနေများ အားနည်းပါသည်။ လူငယ်များမှာ အလုပ်အကိုင်ရှားပါးမှုနှင့် အသက်မွေး ဝမ်းကျောင်းနည်းပညာ သင်တန်းများပို့ချပေးပြီး လုပ်ငန်းဖော်ဆောင်နိုင်ရန် လိုအပ်သော ရင်းနှီးငွေ/ချေးငွေပါ ပံ့ပိုးပေးပြီးနောက် လုပ်ငန်းများဖွင့်လှစ်ဆောင်ရွက်နိုင်ပါက ဝင်ငွေအသင့်အတင့် ရလာနိုင်ကြပါမည်။

## ၆။ ကျန်းမာရေး

 က။ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိမှု အခြေအနေ

(၁)ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုရရှိမှု အခြေအနေ

ကျေးလက်နေလူဦးရေနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲအရေအတွက်တို့ အချိုးအစားအရကျေးလက်ကျန်းမာရေး ဌာနခွဲတို့ မလုံလောက်သေးပါ။ အလားတူပင် ကျန်းမာရေးဝန်ထမ်းအင်အားမှာလည်း ကျန်းမာရေးဝန်ဆောင်ပေးမှု လွှမ်းခြုံနိုင်မှုမလုံလောက်သေးပါ။ ဒေသတွင်းအများဆုံးဖြစ်တတ်သောရောဂါများမှာ ဝမ်းလျှော၊ ဝမ်းကိုက်၊ ငှက်ဖျား၊ တီဘီနှင့် အသည်းရောင်ရောဂါတို့ဖြစ်သည်။ ကျေးလက်လူထုအကြား သွေးတိုးဝေဒနာခံစားရသူအရေအတွက်လည်း အသင့်အတင့်ရှိလာသဖြင့် ဖြစ်ပွားရသောအကြောင်းအရင်းများကိုဖော်ထုတ်ဖယ်ရှားပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးသင့်ပါသည်။

ခ။သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

သောက်သုံးရေကို ကျေးရွာသောက်ရေကန်မှ ရယူသုံးစွဲကြသည်။ လုံလောက်သောရေကန်များနှင့် ကောင်းမွန်သောသောက်သုံးရေ ကို ရရှိသော်လည်း သန့်ရှင်းသောသောက်သုံးရေရရှိနိုင်ရန် သောက်ရေကန်များကို ခြံစည်းရိုး ကာရန်ခြင်း၊ ပိုးမွှားသန့်စင်ပေးခြင်းစသော အဆင့်မြှင့်တင်ခြင်းများ မပြုလုပ်နိုင်သေးပေ။ မြေအောက်ရေခမ်းခြောက်ခြင်း၊ မိုးဦးနောက်ကျခြင်းမှလွဲ၍ ကျန်နွေရာ သီများတွင် သောက်သုံးရေလုံလောက်မှုရှိသည်။ သောက်သုံးရေတွက် ရေအရည်အသွေးစနစ်တကျစစ်ဆေးခြင်းများကိုလည်း မတွေ့ရသေးပေ။ သို့သော် ရေထဲတွင်မလိုလားအပ်သောဓါတ်သတ္တုပါဝင်မှုကြောင့် ရောဂါဘယဖြစ်ပွားမှုမျိုး ကိုလည်း မတွေ့ရသေးပါ။ ပတ်ဝန်းကျင်သန့်ရှင်းရေးအပိုင်းတွင် ကျေးလက်ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ ၃၀ % ရှိသည်။ ရေကြောင့်ဆက်စပ်ဖြစ်ပွားသောရောဂါများ အထူးသဖြင့်

ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများမှာ အသင့်အတင့် ဖြစ်လေ့ဖြစ်ထရှိနေတုန်း ဖြစ်သည်။ တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေး ပညာပေးမှုများမှာလည်း အတော်အသင့် လိုအပ်ဆဲဖြစ်သည်။

## ၇။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

 က။ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ပြုစုခြင်း

သစ်ထုတ်လုပ်မှုနှင့် ပြန်လည်စိုက်ပျိုးထိန်းသိမ်းမှုအားနည်းနေဆဲဖြစ်သည်။ ထို့ပြင် သစ်တောဌာနနှင့် ချိတ်ဆက်ပြီး အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို စနစ်တကျ ထူထောင်စိုက်ပျိုးခြင်းများလည်း မရှိသေးပေ။ ဒီရေတောများကို စနစ်တကျဖြင့် ကာကွယ်တောအဖြစ် သတ်မှတ်ထိန်းသိမ်းမှုများမရှိဘဲ အိမ်သုံးထင်းလိုအပ်သူများ ကြောင့် ခိုးထုတ်ယူမှုများရှိကာ လျော့နည်းဆုံးရှုံးမှုများလည်းရှိသည်။ မုန်တိုင်းအန္တရာယ်နှင့် ရေကြီးခြင်းဒဏ်ကို နှစ်စဉ်ခံကြရပြီး ဒီရေအလွန်အကျွံတက်ခြင်းကြောင့် လမ်းများ လည်းပျက်စီးကြရသည်။ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်လျှင် အိုးအိမ်များစွန့်ခွာ၍ ရေလွတ် ရာသို့ ပြောင်းရွှေ့နေထိုင်ကြရသည်။ ထို့ကြောင့် မုန်တိုင်းဒဏ်၊ လေပြင်းတိုက်ခတ်မှု ဒဏ်နှင့် ရေကြီးနစ်မြုပ်ခြင်းတို့ကို ကာကွယ်ရန်အဆောက်အဦးများ လိုအပ်လျက်ရှိသည်။

ခ။သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

ငလျင်၊ မိုးခေါင်ခြင်း စသော သဘာဝဘေးအန္တရာယ်များ ကံကောင်းထောက်မစွာဖြင့် ကျရောက်ခြင်းမရှိသေးပေ။ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အစီအမံ များမှာလည်း အားနည်းနေဆဲဖြစ်သည်။ အရေးကြီးသော မုန်တိုင်းခိုလှုံရာ အဆောက်အဦးများမရှိသေးခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာ ပေးအစီအစဉ်များအားနည်းခြင်း၊ လူထုပါဝင်သည့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးကော်မတီများစုဖွဲ့လှုပ်ရှားဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ အားနည်းနေဆဲဖြစ်သည်။

## ၈။ ကျားမရေးရာ

နကန်ကျေးရွာတွင် မိဘများသည် သားသမီးများကို ပညာသင်ကြားမှုအပိုင်းတွင် ကျားဖြစ်ခြင်း၊ မ ဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူပညာသင်ကြား ခွင့်ရှိကြပါသည်။ မိသားစုစားဝတ်နေရေးအခြေအနေအလိုက်သာ ပညာသင်ကြားခွင့်

ကို သက်ရောက်မှုရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူအခွင့်အရေးရရှိသော်လည်း နေ့စားလုပ်အားခသတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှုပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျား၊ မ ခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာသာရေးနာရေးကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေး ဆောင်ရွက်မှုများကြသဖြင့် ကျေးရွာအုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု နည်းပါးသည်ကို လေ့လာတွေ့ရှိရပါသည်။

ဥပမာအားဖြင့် ကျေးရွာဖွံ့ဖြိုးရေးသင်တန်း တက်ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူအခွင့်အရေးပေးပြီး ဖိတ်ကြားခဲ့သော်လည်း သင်တန်းတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ ၁၇.၇ ရာခိုင်နှုန်းသာ ရှိခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးအပိုင်းတွင် အမျိုးသမီးပူးပေါင်းပါဝင်မှု နည်းပါးရခြင်းမှာ မြန်မာ့ဓလေ့ထုံးတမ်းတွင် အမျိုးသားများမှ မိသားစုဝင်ငွေရှာဖွေရေးများကို အဓိကလုပ်ဆောင်ကြပြီး အမျိုးသမီးများမှာ အိမ်မှုကိစ္စအများစုကို လုပ်ဆောင်ရသည့်အလေ့အထ လွှမ်းမိုးဆဲဖြစ်နေသောကြောင့်ဟု ယူဆရပါသည်။ စီးပွါးရေးလုပ်ငန်းများကို ဦးဆောင်နေကြသူများ ထဲတွင်လည်း အမျိုးသမီးများ၏ အရေအတွက်မှာ အလွန် နည်းပါးပါသည်။ ကျေးလက်နေလူထု၏ အလုပ်လုပ်နိုင်သော အင်အားထက်ဝက်ဝန်းကျင်မှာ အမျိုးသမီးများဖြစ်ကြပြီး ထိုအမျိုးသမီးထု၏ စွမ်းပကားကို လေ့ကျင့်တိုးမြှင့်ပေးခြင်းဖြင့် ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ ဖြစ်စေပါမည်။ ကျားမဆိုင်ရာတန်းတူညီမျှမှု ကိစ္စရပ်များအတွက် မိသားစုနှင့် ကျေးလက်လူထု အတွင်း အသိပညာ ပေးခြင်းများ တိုးမြှင့်ဆောင်ရွက်ပေးသင့်ပါသည်။ ထိုမှသာ ကျားမတန်းတူညီမျှမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

၉။ ဦးစားပေးစီမံချက်လုပ်ငန်းများဇယား

အပိုင်း (ခ)

***စီမံချက်အဆိုပြုလွှာများ***

နောက်ဆက်တွဲများ

*နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း*

*နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ*

*နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား*